# စက်ဘီးစီးရန် အကြံပြုချက်များ

## ဆိုင်းဘုတ်နဲ့ ယာဉ်ထိန်းမီးများအားလုံး လိုက်နာပါ

စက်ဘီးတွေကို ကားသမားတွေ အလေးအနက်သဘောထား စေချင်ရင် စက်ဘီးကို တခြားယာဉ်တွေလိုပဲ စီးရပါမယ်။ ယာဉ်ကြောနဲ့ဆန့်ကျင်ပြီး ဘယ်တော့မှ မစီးပါနဲ့။



## လမ်းအန္တရာယ်တွေကို ရှောင်ပါ

ရေနဲ့မိလ္လာပိုက်အဖုံးတွေ၊ ကားလမ်းပေါ်က ချောနေတဲ့ ရေမြောင်းအဖုံးတွေ၊ ဆီတွေပေနေတဲ့ ပလက်ဖောင်းတွေ၊ ကျောက်ခင်းလမ်းတွေနဲ့ ရေခဲတွေကို သတိထားပါ။ ရထားသံလမ်းတွေကို ထောင့်မှန်ကျကျ ကူးပါ။ ကမူတွေနဲ့ တခြား အန္တရာယ်တွေကို ကျော်သွားတဲ့အခါ ကောင်းကောင်း ပိုထိန်းနိုင်အောင် ခြေနင်းခုံပေါ် မတ်တပ်ရပ်ပါ။



## လက်နှင့် အချက်ပြပါ

လက်နဲ့အချက်ပြရင် သင်ဘာလုပ်မလို့လဲဆိုတာ ကားသမားတွေ သိပါမယ်။ ချိုးမယ်ဆိုရင် သင်ချိုးမယ့်ဘက်ကို ညွှန်ပြပါ။ လူမှုရေးအရ၊ လုံခြုံရေးအရနဲ့ ဥပဒေကသတ်မှတ်ထားတဲ့အတိုင်း အချက်ပြပါ။



## ကိရိယာကောင်းကောင်းပါသည့် စက်ဘီးကို စီးပါ

သင့်စက်ဘီးမှာ စက်ဘီးသော့ခလောက်ကောင်းကောင်း၊ အရေးပေါ် ပစ္စည်းတွေ ထည့်ထားတဲ့ပုံး၊ တာယာအကာတွေနဲ့ စက်ဘီးအိတ်တွေ တပ်ထားပါ။ (ပေ ၅၀၀ က မြင်နိုင်တဲ့) ရှေ့မီး ပြင်းပြင်းနဲ့ ညမှာနဲ့ ကောင်းကောင်း မမြင်နိုင်တဲ့အချိန်တွေမှာ (ပေ ၆၀၀ က မြင်နိုင်တဲ့) အနောက်ဖက်အလင်းပြန်မီးတို့ သုံးရပါမယ်။



## တသမတ်တည်းစီးပါ

တတ်နိုင်သမျှ ညာဖက်ကပ် စီးပါ။ ခြွင်းချက်များ။ ။ သာမန် ယာဉ်မောင်းနှုန်းအတိုင်း သွားနေတဲ့အခါ၊ အန္တရာယ်ရှိတဲ့ အခြေအနေတွေရှောင်တဲ့အခါ၊ ဘယ်ဖက်ချိုးဖို့လုပ်တဲ့အခါ၊ ဒါမှမဟုတ် တလမ်းသွားလမ်းတွေ သုံးတဲ့အခါ။



## သင့်တော်စွာ ဝတ်စားပါ

စက်ဘီးစီးတိုင်း အခွံမာ ဦးထုပ်ဆောင်းပါ (အသက် ၁၆ နှစ် အောက် စက်ဘီးသမားတွေအတွက် ဥပဒေအရ သတ်မှတ်ထားပါတယ်)။ ညမှာ အရောင်နုတဲ့အဝတ်အစားတွေ ဝတ်စားပါ။ တတ်နိုင်သမျှ ကိုယ့်ကို သူများမြင်အောင် လုပ်ပါ။



## ဘယ်ဖက်ချိုးရန်အကောင်းဆုံးလမ်းကို ရွေးပါ

ဘယ်ဖက်ချိုးနည်း နှစ်နည်းရှိပါတယ်။ ။ A ကားလို။ ။ နောက်ကြည့်၊ အချက်ပြ၊ ဘယ်ဖက်လမ်းကြောင်းကို ပြောင်းပြီး ဘယ်ဖက်ချိုးပါ။ B လမ်းေ                    လျှောက်သူတယောက် လို။ ။ လူကူးမျဉ်းကြားအထိ တည့်တည့်စီးပြီး စက်ဘီးကို တွန်းပြီး လမ်းကူးပါ။ / ဒါမှမဟုတ် ယာဉ်လမ်းကြောင်းမှာ တန်းစီပါ။




## မီးစိမ်း ရယူပါ

မီးနီနဲ့ကြုံပြီး ဒီလက္ခဏာကို တွေ့ရင်၊ သင့်စက်ဘီးကို ဒါပေါ် တိုက်ရိုက်တင်လိုက်ပါ။ စောင့်ပါ။ မကြာခင် မီးစိမ်းသွားပါမယ်။ ကားတစီးက ရောက်နှင့်ပြီးသားဆိုရင် ဒီကားက မီးစိမ်းသွားအောင် လုပ်ပေးပါမယ်။



## ကျော်တက်သည့်အခါ သတိထားပါ

ကားသမားတွေက သူတို့ရဲ့ညာဖက်မှာ သင့်ကို တွေ့ချင်မှ တွေ့ပါမယ်။ ဒါကြောင့် ယာဉ်မောင်း "မမြင်နိုင်တဲ့နေရာ" မှာ မနေပါနဲ့။ စက်ဘီးလမ်းကြောင်းထဲမှာရှိနေတုန်း ကားတွေကို ကျော်ရင် အရမ်းသတိထားပါ။ ကားသမားတွေက ချိုးတိုင်း အချက်ပြတာ မဟုတ်ပါဘူး။ ပြီးတော့လည်း အောက်ပါတို့အတွက် သတိထားပါ။ ။ ကားတံခါးဖွင့်တာတွေနဲ့ လမ်းဘေးကနေထွက်တဲ့ ဒါမှမဟုတ် အိမ်မှာရှိတဲ့ကားမောင်းဖို့လမ်းတွေကနေ ထွက်လာတဲ့ ကားတွေ။



## ပလက်ဖောင်းများပေါ်တွင် ဖြည်းဖြည်းသွားပါ

လူသွားလမ်းတွေပေါ်မှာဆိုရင် လမ်းလျှောက်သူတွေမှာ သွားပိုင်ခွင့်ရှိပါတယ်။ သင်က ကျော်တက်မယ်ဆိုရင် ကြားနိုင်တဲ့အထိ သတိပေးရပါမယ်။ အိမ်တွေမှာရှိတဲ့ ကားမောင်းဖို့ လမ်းတွေနဲ့ လမ်းဆုံတွေကို လမ်းလျှောက်သူတွေ သွားတဲ့နှုန်း အတိုင်းကူးပြီး ကားလာမလာ သေသေချာချာ ကြည့်ပါ။ ပေါ့တလန်မြို့ထဲမှာ စက်ဘီးသမားတွေ ပလက်ဖောင်းပေါ် စီးခွင့်မရှိပါဘူး။



## အမြဲ ယာဉ်ကြောအတိုင်းမောင်းပါ

ယာဉ်ကြောအတိုင်း ညာဖက်က အမြဲစီးပါ။ ဒီလိုစီးရင် ကားဆရာတွေက လမ်းထဲဝင်ရင် ဒါမှမဟုတ် လမ်းကထွက်ရင် ဘယ်ကိုကြည့်ရမယ်ဆိုတာ အထောက်အကူဖြစ်ပါတယ်။ ယာဉ်ကြောဆန့်ကျင်ပြီးစီးရင် တရားမဝင်ပါဘူး။



## တည့်တည့် စီးပါ

စက်ဘီးသွားလမ်းကြောင်းတွေမရှိတဲ့လမ်းပေါ်မှာ စက်ဘီးစီးတဲ့အခါ ရပ်ထားတဲ့ကားတွေအကြား ဝင်လိုက်ထွက်လိုက် လုပ်တာကို ရှောင်ရှားပါ။ ဒီလမ်းကို သုံးနေတဲ့တခြားလူတွေက သင်ဘာလုပ်မလဲဆိုတာ ခန့်မှန်းလို့ရအောင် တည့်တည့်စီးပါ။



Burmese